# ဇွန်လ ၂၀၁၇ ခုနှစ်၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ ဇွန်လကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၂၁၂ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၄၁ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၄၉ ဦးသည် ထောင်တွင်းမှ နေ၍ တရားရင်ဆိုင်နေရကာ ၁၂၂ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရ သည်။



ဓာတ်ပုံ ဒီဗွီဘီ
ဇွန်လ ၂၀၁၇ ခုနှစ်၊


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org


အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

ဇွန်လအတွက် ဆောင်းပါးများကို AAPP ၏ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုနိုင်ပါသည်.

# တစ်လအတွင်းသုံးသပ်ချက်

ဖွန်လတွင်းတွင် တိုင်းရင်းသားဒေသများမှ တိုင်းရင်းသား ၁၅ ဦး၊ လယ်သမား ၈ ဦး၊ သတင်းထောက်လေးဦး၊ အယ်ဒီတာတစ်ဦးနှင့် အရပ်သားငါးဦးတို့ အပါအဝင် စုစုပေါင်း ၃၃ ဦး ဖမ်းဆီးခံခဲ့ရသည်။ ဖွန်လတွင်း ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၁၁၄ တို့ဖြင့် လယ်သမား ၈ ဦး၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် လက်ပံတောင်းဒေသခံ လယ်သမား လေးဦး၊ ကချင်တိုင်းရင်းသား နှစ်ဦး၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် သတင်းထောက် သုံးဦးနှင့် အရပ်သား သုံးဦး၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် သတင်းထောက် လေးဦး၊ အယ်ဒီတာ တစ်ဦး၊ အရပ်သား တစ်ဦးနှင့် ရာဇသတ်ကြီးပုဒ်မ ၂၉၄၊ ၃၅၃၊ ၂၂၈ တို့ဖြင့် လယ်သမားအရေးလှုပ်ရှားသူ ရှေ့နေတစ်ဦးတို့အပါအဝင် စုစုပေါင်း ၂၇ ဦး တရားစွဲဆိုခံခဲ့ရသည်။ ဖွန်လတွင်း စုစုပေါင်း ၅၄ ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ထို ၅၄ ဦးထဲတွင် ရာဇသတ်ကြီးပုဒ်မ ၂၀၂ ဖြင့် ကချင်တိုင်းရင်းသား ၄၈ ဦး၊ တပ်ပြေးမှုဖြင့် ကချင်တိုင်းရင်းသား တစ်ဦး၊ ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် ကချင်တိုင်းရင်းသား သုံးဦး၊ ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၈၊ ရာဇသတ်ကြီးပုဒ်မ ၂၂၈ ဖြင့် ကျောင်းသားတစ်ဦး၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့် လယ်သမားအရေးလှုပ်ရှားသူ ရှေ့နေ တစ်ဦးတို့ပါဝင်သည်။ ဖွန်လတွင်း စုစုပေါင်း ၅၉ ဦး လွတ်မြောက်ခဲ့သည်။ ထို ၅၉ ဦးသည် ကချင်တိုင်းရင်းသား ၅၁ ဦး၊ ရှမ်းတိုင်းရင်းသား ငါးဦး၊ သတင်း ထောက်တစ်ဦး၊ တက်ကြွလှုပ်ရှားသူတစ်ဦးနှင့် ဘုန်းတော်ကြီးတစ်ပါးတို့ဖြစ်ကြသည်။ နိုင်ငံရေးအကျဉ်းသားသုံးဦးဖြစ်သည့် ကိုစိုင်းတင်မင်းထွန်း၊ ကိုဇော်သက်အောင် ခေါ် ကိုကတုံး နှင့် ကိုလဖိုင်ဂမ်တို့မှာမူ ကျန်းမာရေး ဆိုးရွားလျက်ရှိကြောင်းသိရှိရသည်။

ဖွန်လတွင်းတွင် အရပ်သားများနှင့် သတင်းထောက်များသည် ရှင်းလင်းတိကျမှုမရှိသော၊ အငြင်းပွားဖွယ်ရာ ဆက်သွယ် ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် ဆက်လက် ဖမ်းဆီး၊ တရားစွဲဆိုခံနေရသည်။ မကွေးမြို့အခြေစိုက် MGY ဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးတင်ရွှေ၊ မြန်မာတိုင်းမ်နှင့် ဒီလှိုင်းဂျာနယ် (ချောက်) သတင်းထောက် မဖူးပွင့်နေခြည်၊ ဒီမိုကရေစီတူဒေးဂျာနယ် သတင်းထောက် မဇာဇာစန်းတို့ သည် လူမှုကွန်ရက်စာမျက်နှာတွင် ဧ ကျုးရွာအမည်မှားယွင်းစွာ ဖော်ပြခဲ့ခြင်း၊ သဘောထား မှတ်ချက်ရေးသားခြင်း တို့ကြောင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ဖွန်လ ၂ ရက်နေ့တွင် The Voice နေ့စဉ်သတင်းစာ ၏ အယ်ဒီတာချုပ် ကိုကျော်မင်းဆွေနှင့် ဆောင်းပါးရှင် ကိုကျော်စွာနိုင် ခေါ် ဗြိတိသျှ ကိုကိုမောင် တို့သည် မြန်မာ နိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကို မေးခွန်းထုတ်ထားသော သရော်စာဆောင်းပါးနှင့် ပတ်သက်ပြီး ဖမ်းဆီး၊ တရားစွဲဆိုခြင်းခံ ခဲ့ရသည်။ ဗဟန်းမြို့နယ်တရားရုံးမှ ကိုကျော်စွာနိုင်၏ အမှုအား ရုပ်သိမ်းပေး ၍ ပြန်လွှတ်ပေး ခဲ့သော်လည်း ကိုကျော်မင်းဆွေကို မူ အာမခံ လေးကြိမ်ပယ်ချခဲ့သည်။ ထို့ကြောင့် ကိုကျော်မင်းဆွေသည် ဆက်လက်ထိန်းသိမ်းထားခြင်းခံနေရလျက်ရှိသည်။ ဒုတိယဗိုလ်မှူးကြီးလင်းထွန်းမှ ဦးကျော်မင်းဆွေနှင့် ကိုကျော်စွာနိုင် တို့အား စွဲချက်အသစ်ဖြင့် ထပ်မံတရားစွဲ ဆိုရန် ဗဟန်းမြို့နယ်တရားရုံးတွင် ဦးတိုက် လျှောက်ထားခဲ့သည်။ ဖွန်လ ၄ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ လူ့အခွင့်အရေးလှုပ်ရှားသူများအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဖွန်လ ၅ ရက်နေ့တွင် သူ့အား တရားရုံးတင်ခဲ့ပြီး ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခဲ့သည်။ ပြဇာတ်တွင် အဓိကသရုပ်ဆောင်ခဲ့သည့် ကိုအောင်ခန့်ဇော်နှင့် ကိုမြတ်သူထက်တို့မှာမူ ဆက်လက် အမှုရင်ဆိုင်နေရသည်။

ဖွန်လတွင်း ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)ကို ဆန့်ကျင် ဆန္ဒပြပွဲများအား နိုင်ငံတွင်း နေရာအနှံ့အပြားတွင် ကျင်းပ ပြုလုပ်လျက်ရှိပြီး အရပ်ဘက်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကြေညာချက်များ ထုတ်ပြန်ခဲ့ပြီး အစိုးရ အား ဆက်သွယ်ရေးဥပဒေကို ရုပ်သိမ်းရန် သို့မဟုတ် ပြင်ဆင် ဖြည့်စွက်ရန် ဆောင်းဆိုခဲ့ကြသည်။ သတင်းမီဒီယာ လွတ်လပ်ခွင့်ရရှိရေး အတွက် သတင်းဌာနအသီးသီးမှ သတင်းမီဒီယာသမားများသည် ဖွန်လ ၆ ရက်နေ့တွင် Orchid Hotel ၌ အစည်းအဝေး တစ်ရပ် ကျင်းပပြုလုပ်ခဲ့ပြီး ထိုအစည်းအဝေး၌ သတင်းသမားများ ကာကွယ်ရေး ကော်မတီ (CPJ) ကို ဖွဲ့စည်းခဲ့သည်။ ကော်မတီမှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး သတင်းမီဒီယာလွတ်လပ်ခွင့်ကို ထိပါးလျက်ရှိသော ပုဒ်မ ၆၆ (ဃ)နှင့် တရားမျှတမှုမရှိသော ဥပဒေများကို ဖျက်သိမ်းပြင်ဆင်ပေးရန်၊ အစိုးရ၊ တပ်မတော် နှင့် အာဏာပိုင် အဖွဲ့အစည်းများမှ ပုဒ်မ ၆၆ (ဃ) ဖြင့် စွဲဆိုထားသော အမှုများကို ချက်ချင်းရပ်ဆိုင်းရန်နှင့် တောင်းဆိုချက်များ ရရှိရန် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ ပူးတွဲ အကောင်အထည်ဖော်ရန်စသဖြင့် တောင်းဆိုခဲ့သည်။ ထို့ပြင် သတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် လက်ပတ်ဖြူလှုပ်ရှားမှု ကို ဆယ်ရက်တာပြုလုပ်မည်ဟု ကြေညာခဲ့သည်။ ဖွန်လ ၈ ရက်နေ့တွင် ထိုလှုပ်ရှားမှုကို စတင်ခဲ့ပြီး သတင်းမီဒီယာသမား နှစ်ရာ

ကျော်သည် ဖဟန်းမြို့နယ်တရားရုံးမှ အီလဲဗင်းမီဒီယာဂရုနှင့် The Voice သတင်းဌာနများရှိရာသို့ ချီတက်လမ်းလျှောက်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုကို နိုင်ငံတွင်း နေရာအနှံ့အပြားတွင် လူပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှ ပြုလုပ်ခဲ့ကြရာ တချို့နေရာများတွင် ဒေသဆိုင်ရာ အာဏာပိုင်များ၏ တားမြစ်မှုများကို ရင်ဆိုင်ခဲ့ကြရသည်။ ဇွန်လ ၂၂ ရက်နေ့တွင် ဒေသဆိုင်ရာ အစိုးရအဖွဲ့ဝင်များနှင့် မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့တို့မှ ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေး ကန့်ကွက်ပွဲနှင့် လက်မှတ်စုဆောင်းပွဲကို တားမြစ်ခဲ့သည်။ ထိုပွဲကို မြန်မာသတင်းသမားများကော်မတီမှ ဦးဆောင် စီစဉ်ခဲ့ပြီး ဇွန်လ ၂၃ ရက်နေ့တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်အနီး တွင် ပြုလုပ်ရန် စီစဉ်ထားခဲ့သည်။

ဇွန်လတွင်းတွင် အရပ်ဘက်အဖွဲ့အစည်းများမှ ပုဒ်မ ၆၆(ဃ)အား ဆက်လက် အသုံးပြုနေခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ကန့်သတ်ထားခြင်းအတွက် ပြင်းထန်စွာ ဆန့်ကျင်ခဲ့ကြသည်။ ဇွန်လ ၁၄ ရက်နေ့မှ ဇွန်လကုန်အထိ AAPP မှ များပြားလှသော ဥပမာများကို မှတ်တမ်းပြုခဲ့သည်။ ဇွန်လ ၁၅ ရက်နေ့တွင် မန္တလေး သတင်းထောက်များသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အားဆန့်ကျင်ကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ဇွန်လ ၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်တွင် ဆန္ဒပြ သူ တစ်ရာကျော်မှ ပုဒ်မ ၆၆(ဃ)အား ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်။ ဇွန်လ ၂၄ ရက်နေ့တွင်လည်း အရပ်ဘက် အဖွဲ့အစည်း ၂၂ ဖွဲ့ မှ ပူးတွဲ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ထိုဥပဒေအား ဖျက်သိမ်းပေးရန် အစိုးရအား တောင်းဆိုခဲ့ကြသည်။ ထို့ပြင် ဇွန်လ ၂၉ ရက်နေ့တွင် AAPP အပါအဝင် ပြည်တွင်း၊ ပြင်ပ အဖွဲ့အစည်း ၆၁ ဖွဲ့မှ ပုဒ်မ ၆၆(ဃ)အား လုံးဝ ဖျက်သိမ်းရန် သို့မဟုတ် အနည်းဆုံးအနေဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် အသရေဖျက်မှုအား ရာဇဝတ်မှုမြောက်သော ပြစ်မှုအဖြစ် စဉ်းစားသုံးသပ်ခြင်း မပြု လုပ်နိုင်ရန်အတွက် အစိုးရအား တိုက်တွန်းခဲ့သည်။

၂၀၁၅ ခုနှစ်ကတည်းက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခံခဲ့ရသူ ၆၂ ဦးအား AAPP မှ မှတ်တမ်းပြုနိုင်ခဲ့ပြီး ယခင်အစိုးရဟောင်းထက် အစိုးရသစ်လက်ထက်တွင် လူပုဂ္ဂိုလ်များအား တရားစွဲဆိုရန် ထိုဥပဒေကို မကြာခဏအသုံးပြုနေသည်ကို သတိပြုမိခဲ့သည်။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) မဖျက်သိမ်းသရွေ့ သတင်းမီဒီယာများနှင့် လူပုဂ္ဂိုလ်များသည် ဒီမိုကရေစီ၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကိုရရှိနိုင်မည်မဟုတ်ပါ။ မကြာသေးမီက သတင်းထောက်များအား ဖမ်းဆီး တရားစွဲဆိုခြင်းကြောင့် သတင်းထောက်များ၊ အယ်ဒီတာများသည် မီဒီယာထက်တွင် ဝေဖန် ရေးသားခြင်း၊ ရေးဆွဲခြင်းများကို စိစစ်ခြင်း ပြုလုပ်နေရသည်ဟု အငြင်းပွားဖွယ်ရာ အကြောင်းအရာများနှင့် ပတ်သက်လျှင် သတိထား ရေးဆွဲနေရသော ကာကွန်းဆရာ မောင်မောင်ဖောင်တိန်၏ ပြောကြားချက်အရသိရှိရသည်။

အစိုးရသည် ပြည်သူများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ဖြည့်ဆည်းပေးရန် အမှန်တကယ် (စစ်မှန်စွာ) ဆန္ဒရှိပြီး ဒီမိုကရေစီအစစ်အမှန်ရရှိရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လိုလျှင် ထိုဥပဒေကို ပြင်ဆင်ဖြည့်စွက်/ပယ်ဖျက်ရမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ပုဒ်မ ၆၆(ဃ)တွင် ပါဝင်သော စကားလုံးအသုံးအနှုန်း များသည် ရှင်းလင်းတိကျမှုမရှိသောကြောင့် လွဲမှားစွာ အဓိပ္ပါယ် ကောက်ယူမှုများဖြစ်ပေါ်လျက်ရှိပြီး ထိုပုဒ်မအား လိုသလို အသုံးပြုလျက်ရှိသည်။ ပြည်သူများသည် ၎င်းတို့၏ သဘောထားအမြင်များကို ငြိမ်းချမ်းစွာ ထုတ်ဖော်ခြင်း သို့မဟုတ် အစိုးရ အာဏာပိုင်များ သို့မဟုတ် ဥပဒေများကို ဝေဖန်ခြင်းမပြုနိုင်သောကြောင့် ပုဒ်မ ၆၆(ဃ)သည် အစိုးရ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အား ထိခိုက်စေပါသည်။

ဇွန်လတွင်းတွင် ကိုလိုနီခေတ်၌ ပြဋ္ဌာန်းခဲ့သော မတရားအသ င်းအက်ဥပဒေအား လ က်နက်သဖွယ် ဆက်လက်အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရ သည်။ ဇွန်လ ၂၆ ရက်နေ့တွင် စစ်တပ်မှ သတင်းထောက်သုံးဦး၊ ရဟန်းတစ်ပါးအပါအဝင် အမျိုးသား ခုနစ်ဦးအား နမ့်ဆန်-သီပေါကား လမ်းပေါ်တွင် ဖမ်းဆီးခဲ့သည်။ ထိုသတင်းထောက်သုံးဦးမှာ ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) သတင်းဌာနမှ အကြီးတန်း သတင်းထောက် ဦးအေးနိုင်နှင့် ဦးပြည့်ဘုန်းနိုင်၊ ဧရာဝတီသတင်းဌာနမှ သတင်းထောက် ဦးသိန်းဇော်(ခ) လဝီဝမ် တို့ဖြစ်ကြသည်။ ၎င်းတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တအာင်း(ပလောင်) TNLA နယ်မြေအတွင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးများ ဖျက်ဆီးမှု အခမ်းအနားသို့ သွားရောက်ပြီး အပြန်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ရဟန်းတစ်ပါးအား ပြန်လွှတ်ပေးခဲ့သော်လည်း အမျိုးသားခြောက်ဦးကို မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် တရားစွဲဆိုခဲ့ပြီး သီပေါအကျဉ်းထောင်တွင် ထိန်းသိမ်းထားသည်။ သတင်းသမားများ ကာကွယ်ပေးရေး ကော်မတီ၊ နယ်စည်းမခြား သတင်းထောက်များ၊ သတင်းဌာန ၂၅ ခု၊ သတင်းစာဆရာများအဖွဲ့အစည်းများ နှင့် သတင်းစာဆရာ များကွန်ရက်တို့မှ သတင်းထောက်များကို အမြန်ဆုံး လွှတ်ပေးရန်နှင့် စွဲချက်များကို ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ သည်။ ဇွန်လ ၃၀ ရက်နေ့တွင်

.

မြန်မာစာနယ်ဇင်းအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများ မှ ရာပေါင်းများစွာ သော အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြခဲ့ကြပြီး မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် ထိန်းသိမ်းခံထားရသော သတင်းထောက်များ လွတ်မြောက်ရန်နှင့် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)အား ဖျက်သိမ်းရန် တောင်းဆိုခဲ့ကြသည်။ ထို့ပြင် ပုဒ်မ ၆၆(ဃ)ဖျက်သိမ်းပေးရေးတောင်းဆိုသည့် လက်မှတ်များလည်း ကောက်ယူခဲ့ကြသည်။

သတင်းထောက်များကို ဖမ်းဆီးခြင်းကြောင့် နိုင်ငံတကာ အသိုင်း အဝိုင်း၏ အာရုံစိုက်မှုကို ခံနေရ သည်။ AAPP မှ ဇွန်လတွင်း ဖမ်းဆီးခံခဲ့ရသော သတင်းထောက်များ လွတ်မြောက်ရေးအရေးအတွက် ထပ်မံတောင်းဆိုပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်ကို ပျက်စီးစေသည့် ပြည်တွင်းစစ်ကဲ့သို့သော နိုင်ငံ၏ အရေးပါသော [ ဖစ်စဉ်များတွင် ပြည်သူများမှ သတင်းပေးပို့နိုင်ရန် [ မန်မာနိုင်ငံတွင် မီဒီယာလွတ်လပ်ခွင့်အပေါ် ကန့်သတ် ထားမှုများ ပို၍ လျော့နည်းလာစေရန် တောင်းဆိုပါသည်။ မတရားအသင်းနှင့် ဆက်နွယ်ခြင်းအတွက် ထိုသတင်းထောက်များအား ဖမ်းဆီးထားခြင်းသည် လွန်ခဲ့သော တစ်နှစ်ကျော်ကတည်းက အစိုးရ မှ ဦးဆောင်စီစဉ်လျက်ရှိသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထိခိုက်မှုရှိသည်ဟု ယူဆပါသည်။ ထိုသတင်းထောက်များသည် မတရားအသင်းနှင့် ဆက်နွယ်ခြင်းအတွက် အပြစ်ရှိလျှင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်နှင့် ၂၀၁၇ ခုနှစ်၊ မေလ တွင် ကျင်းပပြုလုပ်ခဲ့သော ငြိမ်းချမ်းရေး ညီလာခံ ခေါ် ပင်လုံညီလာခံကို တက်ရောက်ခဲ့သော လူပုဂ္ဂိုလ်များသည်လည်း တူညီသော ပြစ်မှုအတွက် အပြစ်ရှိပါသည်။ သတိပြုမိဖွယ်ရာအဖြစ် (မှတ်သားဖွယ် ရာအဖြစ် ) ဗိုလ်ချုပ်နေဝင်း အုပ်ချုပ်သော စစ်အစိုးရလက်ထက် ၁၉၆၃ ခုနှစ်တွင် လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံ ဆွေးနွေးနိုင် ရန် မတရားအသင်း အက်ဥပဒေကို ရပ်ဆိုင်းထားခဲ့သည်။ AAPP မှ အစိုးရအား ယခင် ဖိနှိ ပ်ထားသော စစ်အစိုးရလက်ထက်မှ သင် ခန်းစာများကို လေ့လာရန် တိုက်တွန်းပြီး ဥပဒေကို ဆိုင်းငံ့ထားခြင်း သည် အနာဂတ်တွင် ထိုဥ ပဒေအား ပြန်လည် အသုံးချရန် ခွင့်[ ပုထားခြင်းဖြစ်စေ သည့်အတွက် မတရားအသင်းအက်ဥပဒေကို အမြန်ဆုံး ဖျက်သိမ်းရန် သို့ မဟုတ် ပြင်ဆင်ဖြည့်စွက်ရန် တိုက် တွန်းပါသည်။ ယခုလက်ရှိတွင် များစွာသော လူပုဂ္ဂိုလ်များသည် ထိုပုဒ်မဖြင့် ပြစ်ဒဏ်ကျခံနေရ သည်ကို AAPP မှ အလေးပေးပြော ကြားချင်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်ခြင်း သည် တိုင်းရင်းသားဒေသများ၌ ရှောင်လွှဲ၍မရသော ဖြစ်ရပ်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ အမျိုးသား ပြန်လည် သင့်မြတ်ရေးလုပ်ငန်းစဉ်ကို ရှေးရှုသောအားဖြင့်လည်းကောင်း ထိုကဲ့သို့ ဖမ်းဆီး၊တရားစွဲဆိုမှုကိစ္စရပ်များအား အစိုးရမှ အမြန်ဆုံး ညှိနှိုင်း ဆောင်ရွက်သင့်သည်ဟု တိုက်တွန်းလိုပါသည်။

နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲမှုများကို ဖိနှိပ်ရန် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပဒေကို ဆက်လက် အသုံးပြုလျက်ရှိသည်။ ဇွန်လ ၁၃ ရက်နေ့တွင် ကချင်အမျိုး သား သုံးဦးသည် ကချင်စစ်ပွဲ ခြောက်နှစ်ပြည့် ဆုတောင်းပွဲ အခမ်းအနားကို ဦးဆောင်စီစဉ်ခဲ့ခြင်းအတွက် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခံခဲ့ရပြီး ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့အကြား တကျော့ပြန် တိုက်ပွဲဖြစ်ပွားခြင်းကြောင့် စစ်ဘေးရှောင်လာသည့် ခြောက်နှစ်ပြည့် အခမ်းအနားကို ဇွန်လ ၉ ရက်နေ့တွင် ဦးဆောင်ကျင်းပခဲ့ခြင်းအတွက် ဖားကန့်မြို့နယ်တရားရုံးမှ ဦးလမောင်လတောင်နှင့် ဦးလတုန်ဆောင်ဘောမ် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် ဇွန်လ ၁၉ ရက်နေ့တွင် တရားစွဲဆိုခဲ့သည်။ ဝမ်ပေါင်ကုမ္ပဏီမှ ၂၀၁၃ ခုနှစ်တွင် ထွက်ပေါ်ခဲ့သော စုံစမ်းစစ်ဆေးရေး အစီရင်ခံစာပါ အကြံပြုချက်များကို လိုက်နာခြင်းမရှိသည့်အတွက် ဆန္ဒပြခဲ့ကြသော လက်ပံတောင်းတောင် ဒေသခံလယ်သမား လေးဦးသည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ ဇွန်လ ၂၇ ရက်နေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ကိုနှင်းအောင်သည် အလုပ်သမားရေးရာကိစ္စနှင့် ပတ်သက်၍ ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် တစ်လ၊ ရာဇသတ်ကြီးပုဒ်မ ၂၂၈ ဖြင့် ထောင်ဒဏ်တစ်လ သို့မဟုတ် ဒဏ်ငွေ နှစ်ရာကျပ်ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

ပြည်သူများ၏ ငြိမ်းချမ်းစွာ ထုတ်ဖော်ခွင့် နှင့် စုဝေးခွင့်ကို ရာဇဝတ်မှုမြောက်သော ပြစ်မှုအဖြစ် သတ်မှတ်ထားသော ငြိမ်း၊စု၊စီအက်ဥပဒေဖြင့် လူပုဂ္ဂိုလ်များအား တရားစွဲဆိုလျက်ရှိခြင်းသည် အစိုးရအကောင်အထည်ဖော်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက် နှောင့်နှေးစေသည်။ ၂၀၁၄ ခုနှစ်တွင် ငြိမ်း၊စု၊စီဥပဒေကို ပြင်ဆင် ဖြည့်စွက်ခဲ့သော်လည်း အနည်းငယ်သာ အကျိုးသက်ရောက်မှုရှိ၍ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် အစိုးရမှ ထိုဥပဒေကို ပြန်လည်ပြင်ဆင် ဖြည့်စွက်ရန် သုံးသပ်ခဲ့သော်လည်း အကြံပြုချက်များကို လွှတ်တော်မှ လက်ခံခဲ့ခြင်းမရှိ၍ ထိုအချိန်ကတည်းက ဦးစားပေးဆွေးနွေးမှု စာရင်းမှ

ဖယ် ရှားခြင်းခံခဲ့ရသည်။ ရလဒ်အနေဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများ တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးခြင်းကြောင့် ဖမ်းဆီး၊ ပြစ်ဒဏ်ချမှတ်ခံနေရသည်။ ထိုဥပဒေကို ပြန်လည်ပြင်ဆင်လျှင် တက်ကြွလှုပ်ရှားသူများနှင့် ဆန္ဒပြသူများ သည် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများအတွက် ဖမ်းဆီးခြင်းမခံရသောကြောင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးတို့တွင် ပါဝင် ကူညီနိုင်မည်ဖြစ်သည်။ ထိုမျှသာမက အကျဉ်းထောင်တွင်း လူဦးရေပြည့်ကျပ်နေခြင်းမှ လျော့နည်းစေပြီး ကျန်းမာရေး စောင့်ရှောက်မှုစသည့် ဝန်ဆောင်မှုတို့တွင်လည်း ပို၍ လွယ်ကူစွာ ရရှိမည်ဖြစ်သည်။

ဇွန်လ ၁၇ ရက်နေ့တွင် အိုးဘို၊ သာယာဝတီနှင့် ဘားအံအကျဉ်းထောင် များမှ အကျဉ်းသား ၁၆ ဦးသည် ၂၀၁၇ ခုနှစ်၊ တက္ကသိုလ် ဝင်တန်း စာမေးပွဲအောင်မြင်ခဲ့သည်။ အကျဉ်းကျနေစဉ်အတွ င်း အကျဉ်းသားများကို ပညာသင်ခွင့်နှင့် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ဖြေဆိုခွင့်ပြုခြင်းအတွက် AAPP မှ အကျဉ်းဦးဌာနများအား ကြိုဆို ဂုဏ်ပြုပါသည်။ ထိုအခြင်းအရာသည် အကျဉ်းထောင်တွင်း ပညာသင်ခွင့်ရရှိခြင်းသည် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အကျဉ်းသားများ ပြန်လ ည် လွတ်မြောက်ပြီးနောက် ၎င်းတို့၏ လူမှုပတ်ဝန်းကျင်တွင် ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် ပေါင်းစပ်နိုင်ရေး တို့အပေါ်တွင်လည်း သက် ရောက်မှုရှိသည်။ အကျဉ်းသားများကို ပညာသင်ခွင့်နှင့် စာမေးပွဲများဖြေဆိုခွင့်ပြုသော အစိုးရ အစီအစဉ်သစ်၏ အောင်မြင်မှုအဖြစ် တက္ကသိုလ်ဝင် တန်းစာေ မးပွဲကို ဂုဏ်ထူးသုံးခုဖြင့် အောင်မြင်ခဲ့သော အသက် ၁၉ နှစ်အရွယ်ရှိ မရွှန်းလဲ့ဝေကျော်၏ အောင်မြင်မှုအား နမူနာတစ်ခု အဖြစ်တွေ့မြင်နိုင်သည်။ သို့သော်လည်း သူမ၏အမှုမှ ဥပဒေ၏ ချို့ယွင်း အားနည်းမှုများကို တွေ့မြင်နိုင်ပြီး များစွာသော တရားမျှတခြင်းမရှိသည့် အမှုစစ်ဆေးစီရင် မှုများရှိနေသည်ကိုလည်း တွေ့မြင်နိုင်သည်။ အထူးသဖြင့် ပြင်းထန် ဆိုးရွား၍ မျှတ ခြင်းမရှိသည့် ပြစ်ဒဏ်များသည် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်လျက်ရှိသော ပြ ပစ်မှုများဖြစ်ပြီး မြန်မာနိုင်ငံတွင်း ပြပစ်မှုကျူးလွန်သူ တစ် ဝက်ခန့်သည် ထိုအမှုများမှ ဖြစ်သည်။ AAPP မှ အစိုးရအား သူမ၏ အမှုအား ပွင့်လင်းမြင်သာစွာနှင့် အမြန်ဆုံး သုံးသပ်ရန် တိုက်တွန်းပါသည်။ မူးယစ်ဆေးဝါးရောင်း ချခြင်းအတွက် မရွှန်းလဲ့ဝေကျော်တွင် တာဝန်ရှိသည်ဟု ခိုင်မာသော သက်သေ အထောက်အထားမရှိ သည်သာမက ထောင်ဒဏ် ဆယ်နှစ်ချမှတ်ခြင်းသည် ပြစ်မှုနှင့် သင့်တော်ခြင်းမရှိပါ။ AAPP မှ အစိုးရအား အလားတူသော မူးယစ်ဆေးဝါးနှင့် ဆက်နွယ်လျက်ရှိသော အမှုများကို ပြန်လည်သုံးသပ်ရန် တောင်းဆိုပါ သည်။ မူးယစ်ဆေးဝါး အမှုဖြင့် ပြင်းထန်သော ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များ ကို ချမှတ်ခံရသူများ လွတ်မြောက်လာပါက ပြ ပစ်မှုကျူးလွန်သူများဖြစ်ခဲ့သည့်အတွက် အလုပ်အကိုင်ရှာဖွေခြင်း၊ ပညာရေးနှင့် အထွေထွေကိစ္စရပ်များတွင် အခက်အခဲများ ကြုံတွေ့ရသည်။ ထို့ ကြောင့် အစိုးရမှ ၎င်းတို့ထပ်မံ၍ ပြစ်မှုကျူးလွန်ခြင်းမရှိစေရန် ပြန်လည်ကုစားပေးခြင်းအစီအစဉ်များကို ချမှတ် အကောင်အထည်ဖော်သင့်ပါသည်။ မူးယစ်ဆေးဝါးပြစ်မှုများအတွက် လူပုဂ္ဂိုလ်များကို ပြင်းထန်သော ပြစ်ဒဏ်များ ဆက်လက် ချမှတ်နေခြင်းနှင့် နှင့် မူးယစ်ဆေးနှင့် ဆက်နွယ်သော အမှုများအတွက် ပြင်းထန်သော စွဲချက်များဖြင့် တရားစွဲဆိုခြင်းသည် တခြားပြစ်မှုများနှင့်နှိုင်းယှဉ် လျှင် မျှတခြင်း မရှိပါ။ ထိုအခြင်းအရာများမှ အကျဉ်းထောင်များအတွင်း လူဦးရေပြည့်ကျပ်ခြင်း၊ အကျဉ်းထောင်စနစ်ကို ပျက်စီးစေခြင်းနှင့် အကျဉ်းသားများအတွက် အကျဉ်းထောင်အခြေအနေများကို ပို၍ ဆိုးရွားစေခြင်းစသည့် အခြေအနေများကို ဖြစ်ပေါ်စေပါသည်။

မေလ ၂၄ ရက်နေ့တွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မန္တလေး၊ အိုးဘိုအကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့ သော နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်သည့် မပွင့်ဖြူလတ်နှင့် ကိုဇော်ဇော်လတ်တို့သည် ၎င်းတို့ အကျဉ်းကျခံနေစဉ်အတွင်း အကျဉ်းထောင်တွင်း၌ လူဦးရေပြည့်ကျပ်နေသော အခြေအနေများကို မျက်မြင် တွေ့ရှိခဲ့ကြသည်။ ကိုဇော်ဇော်လတ်မှ အိုးဘို အကျဉ်းထောင်တွင်း ခန့်မှန်းခြေ တရားဝင် အကျဉ်းသားဦးရေ ၅၀၀၀ ရှိရမည်ဖြစ်သော်လည်း နှစ်ဆခန့် ပိုမိုများပြားနေသော ကြောင့် အိပ်ရန်အခက်အခဲကြုံခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ပြ မန်မာနိုင်ငံတွင်း အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ ပြည့်ကျပ်နေသော ကိစ္စရပ်သည် ဖိအားတစ်ရပ်ဖြစ်နေပြီး အကျဉ်းသားများကို လူ့အခွင့်အေ ရးချိုး ဖောက်မှုများမှ ကာကွယ်ရန် ရေးဆွဲထားသော နိုင်ငံတကာ ဥပဒေများရှိသော်လည်း ေ ဆာင်ရွက်နိုင်ခြင်းမရှိသေးပါ။ AAPP မှ ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော အစိုးရအား အကျဉ်းသားများ၏ အခွင့်အရေးများအား ကာ ကွယ်ပေးနိုင်ရန် ပြည်တွင်းဥပဒေတွင် အကျဉ်းသားများကို ပြုမူဆက်ဆံရမည့် အနိမ့်ဆုံး စံချိန်၊ စံနှုန်းများကို ထည့်သွင်းပေးပါရန် တိုက်တွန်းပါသည်။

ဇွန်လတွင်း သိမ်းဆည်း လယ်ယာမြေအငြင်းပွားမှုများကြောင့် ဆန္ဒပြမှုများနှင့် ဖမ်းဆီးခံရမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ရန်ကုန်တိုင်းတွင်း သိမ်းဆည်းလယ်ယာမြေအမှု ၁၉၀၅ မှုကို တစ်မှုမျှ ဖြေရှင်းနိုင်ခြင်းမရှိသေးကြောင်း ထုတ်ပြန်ခဲ့ပြီးနောက်

.

မြန်မာနိုင်ငံတဝှမ်းလုံးရှိ မြေလွတ်မြေရိုင်းများမှ စီမံကိန်းမြေအဖြစ် သိမ်းယူထားသည့် မြေများကို ဆောင်ရွက်နိုင်ခြင်းမရှိပါက မူလပိုင်ရှင်များ၊ တောင်သူများကို မှန်မှန်ကန်ကန် ပြန်လည်ပေးအပ်ကြရန် ပြည်သူ့လွှတ်တော် ဥက္ကဌ ဦးဝင်းမြင့်မှ တိုက်တွန်းခဲ့သည်။ လယ်ယာမြေများ ပြန်လည်ရရှိရန်အတွက် အဂတိလိုက်စားမှုများကို ဖယ်ရှားရန် ယခင်အစိုးရဟောင်း လက်ထက်၌ မြေယာသိမ်းဆည်းမှုများတွင် ပါဝင်ခဲ့သော အစိုးရအာ ဏာပိုင်များသည် လယ်ယာမြေသိမ်းဆည်းမှုများ စိစစ်ရေးကော်မတီတွင် ပါဝင်သောကြောင့် ထိုကော်မတီ အဖွဲ့ဝင်များကို ပြန်လည်ခန့်အပ်ရန်အတွက် စဉ်းစား သုံးသပ်ရန် AAPP မှ အစိုးရအား တိုက်တွန်းပါသည်။ ထို့ပြင် အစိုးရမှ လယ်ယာမြေသိမ်းဆည်း ခံရသူများနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ပါရန် အကြံပြုပြီး အစိုးရမှ လုံလောက်သည်ဟု ယူဆသော လျော်ကြေးငွေအစား သိမ်းဆည်းခံရသူများ၏ လိုအပ်မှုကို အခြေခံသော လျော်ကြေးဖြစ်ရန် အတွက်လည်း အကြံပြုပါသည်။

ဇွန်လ ၂၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးမှ "နိုင်ငံရေး အကျဉ်းသား အဓိပ္ပါယ်၊ နိုင်ငံရေးပြစ်မှုအဓိပ္ပါယ်များကို သတ်မှတ်ရန် အစီအစဉ်မရှိသေးပါဟု ပြောကြားခဲ့သည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) မှ များစွာသော နိုင်ငံရေးအကျဉ်းဟောင်းများသည် လွှတ်တော်တွင်းတွင် တာဝန်ထမ်း ဆောင်နေသော်လည်း အစိုးရသည် နိုင်ငံရေး အကျဉ်းဝေါဟာရကို အဓိ ပ္ပါယ်ဖွင့်ဆိုရန် ဆန္ဒမရှိသောကြောင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် ရာဇဝတ်မှုဆိုင်ရာ စွဲချက်များဖြင့် ဖမ်းဆီးခံနေရ သည်။ AAPP နှင့် တခြား လူမှုအဖွဲ့အစည်းများမှ အကြံပြုမှုများ၊ တောင်းဆိုမှုများရှိသော်လည်း နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုရန် အစိုးရမှ ဆန္ဒမရှိသည်ကို ေ တွ့ရှိရပါသည်။ AAPP မှ အစိုးရအား အမျိုးသားပြန်လည် သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့် စစ်မှန်သော ဒီမိုကရေစီကူးပြောင်းမှုကို ပံ့ပိုးသောအားဖြင့် နိုင်ငံရေးအကျဉ်းသား ေ ဝါဟာရကို အဓိပ္ပါယ်ဖွင့်ဆိုပေးပါရန် တိုက်တွန်းပါသည်။ နိုင်ငံရေးဆိုင်ရာ အကျဉ်းချထားမှုများကို ဖျက်သိမ်းခြင်းသည် နိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု ကဏ္ဍ၏ အဓိက သော့ချက်ဖြစ် ပြီး မရှိမဖြစ် အရေးပါသော နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက် တရားဝင်ဖွဲ့ဆို ရန် အရေးတကြီး လိုအပ်သော ကိစ္စရပ်တစ်ခုဖြစ်သည်။

အစိုးရသည် အမျိုးသား ပြန်လည်သင့်မြတ်ရေး ရရှိရန်န င့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်အတွက် အမျိုးမျိုးသော လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများသည် ဆက်လက်ဆိုးရွားလျက်ရှိနေဆဲပင် ဖြစ်သည်။ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များကြား ပဋိပက္ခများ ပိုမို ပြင်း ထန်လာခြင်း၊ လယ်ယာမြေ အခွင့်အရေး ချိုးဖောက်ခံရမှုများ ဆက်လက်ရှိနေခြင်း၊ နိုင်သားများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် နိုင်ငံရေးနှင့် နိုင်ငံသား အခွင့်အရေးများကို ကန့်သတ်ထားမှုများ ဆက်လက်ရှိနေခြင်းတို့ကို အထက်ပါအဖြစ်အပျက်များမှ တွေ့မြင်နိုင်သည်။ ထို ့ကြောင့် AAPP မှ အစိုးရအား နိုင်ငံသားများ၏ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးကို ကာကွယ်ပေးရန်အတွက် ဖိနှိပ်ထားသော ဥပဒေများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ဖြည့်စွက်ခြင်းကို ဦးစားပေးနေဖြင့် ဆောင်ရွက်ပါရန် တိုက်တွန်းပါသည်။ ထိုသို့ ပြင်ဆင်ဖြည့်စွက်ခြင်းအားဖြင့် အမျိုးသား ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေးကို အထောက်အကူဖြစ်စေပါသည်။ ထိုမျှသာမက လက်ကျန် နိုင်ငံရေး အကျဉ်းသားများကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်လည်း တိုက်တွန်း ပါသည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁**
**ဦးဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂၅၃၀ ၈၈၄၀**
**ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈**